လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
Democratic Party for a New Society(DPNS)
ပါတီစည်းရုံးရေးစာစဉ်

အတွဲ (၁)၊ အမှတ် (၇) ဇူလိုင်၊ ၂၀၁၇





မာတိကာ

သခင်ဗဟိန်းနိုင်ငံရေး၊ သခင်ဗဟိန်းစိတ်ဓါတ် သခင်ဗဟိန်းလုပ်ဟန် စာ ၃

ဆွေးနွေးပွဲယဉ်ကျေးမှု၊ တန်းတူရေးနှင့် လွတ်လပ်ခွင့် စာ ၆

(၅၅) နှစ်မြောက် ဂု ရက်ဇူလိုင် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ စာ ၉

နိုင်ငံရေးနဲ့ဘက် စာ ၁၀

လူမှုလူ့အဖွဲ့အစည်း စာ ၁၂

စီ စဉ် သူ
ဦးအောင်မျိုးဦး

ထုတ် လုပ် သူ များ
ကိုမြတ်လင်းထွေး
မအေးမြတ်သန္တာ

Main ပုံနှိပ်တိုက်(၀၁၁၉)
အမှတ်(၁၉၁)၊ ၃၉ လမ်း(အလယ်)
ကျောက်တံတားမြို့နယ်တွင်
စောင်ရေ - ၁၀၀၀ ရိုက်နှိပ်၍
ပါတီတွင်းကန့်သတ်အဖြစ်
အခမဲ့ဖြန့်ဝေသည်

ပြော ချင် တဲ့ အ ကြောင်း

နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုချက်မလိုအပ်ဟု ပြောရန်သင့် မသင့်

၂၆၊၆၊၂၀၁၇ ရက်နေ့ထုတ် မြန်မာတိုင်းမ်နေ့စဉ်ကို ကောက်ကိုင်လိုက်ချိန်မှာ အံ့သြစရာသတင်းတပုဒ်ကို မျက်နှာဖုံးသတင်းမှာ စာလုံးမည်းကြီးဖြင့် တွေ့လိုက်ရသည်။ နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုချက် မလိုအပ်ဟု NLD အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်း ပြောဆိုသည့်သတင်း ဖြစ်သည်။ မိမိအနေဖြင့် မယုံနိုင်လောက်အောင် အံ့အားသင့်မိသည်။

၂၁၊၆၊၂၀၁၇ ရက်နေ့က အမျိုးသားလွှတ်တော်မှာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးကလည်း နိုင်ငံရေးအကျဉ်းသားနှင့် နိုင်ငံရေးပြစ်မှုတို့၏ အဓိပ္ပာယ်ကို လက်ရှိအစိုးရအနေဖြင့် ဖွင့်ဆိုရန် လတ်တလောတွင် အစီအစဉ်မရှိသေးကြောင်း ဖြေဆိုသွားခဲ့သည်။

ပြည်ထဲရေးဒုဝန်ကြီး၏ ပြောဆိုမှုနှင့် NLDအတွင်းရေးမှူးတို့၏ ပြောဆိုမှုတို့မှာ ၄ ရက်သာကွာပြီး ပြောဆိုကြသည့် စကားရပ်၏ အနှစ်သာရနှင့် ဖေါ်ပြချက်မှာ တထပ်တည်းဖြစ်နေသဖြင့် မိမိအနေဖြင့် အံ့သြလွန်း၍ မစဉ်းစားတတ်အောင် ဖြစ်မိသည်။

ဤကဲ့သို့သော အပြောအဆို အသုံးအနှုန်းမျိုးကို မဆလတစ်ပါတီ အာဏာရှင်လက်ထက်နှင့် အာဏာသိမ်းစစ်အစိုးရများလက်ထက်တွင် နားမဆန့်အောင် အကြိမ်ကြိမ် ကြားခဲ့ရသည်။

နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီးချုပ်နှောင် ထောင်ချခံကြရသည့် နိုင်ငံရေးအကျဉ်းသားများကို စော်ကားမော်ကားလုပ်ရန်၊ ဂုဏ်သိက္ခာချရန်၊ နိုင်ငံရေးကို ဦးချိုးရန်၊ နိုင်ငံရေးအကျဉ်းသားတစ်ယောက်၏ မွေးရာပါ အခွင့်အရေးမှန်သမျှကို တစစီဖြစ်သွားအောင် နင်းချေပစ်ရန် ရည်ရွယ်ချက်များဖြင့် ထိုခေတ်အာဏာပိုင်တို့က ထင်တိုင်းကျခဲ့ကြသည့် ရမ်းရမ်းကားကား အသုံးအနှုန်းများ ဖြစ်သည်။

''မိမိတို့နိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားမရှိဘူး၊ တည်ဆဲဥပဒေတွေကို ချိုးဖောက်သည့် ရာဇဝတ်အကျဉ်းသားများသာ ရှိသည်''ဟု ကုလသမဂ္ဂအစည်းအဝေးတွေမှာ၊ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာအစည်းအဝေးတွေမှာ အာဏာသိမ်းစစ်အစိုးရများ၏ နိုင်ငံခြားရေးဝန်ကြီးဆိုသူများ အရှက်မဲ့စွာ မျက်နှာပြောင်တိုက်ပြောဆိုခဲ့သည့် စကားလုံးများ အသုံးအနှုန်းများဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားတွေကို အကျဉ်းထောင်တွေထဲက ခိုးဆိုးလုယက်များ၊ လူသတ်အလောင်းဖျောက်များ၊ မုဒိမ်းလူသတ်များနှင့် ဘာမှမခြားသလို စော်ကားချင်တိုင်းစော်ကားထားသည့် စကားရပ်များဖြစ်သည်။

ယူနီဖောင်းချွတ်၊ ပိုးတိုက်ပုံဝတ် ဦးသိန်းစိန်အစိုးရ လက်ထက်ကတောင် နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီဖွဲ့စည်းပြီး စိစစ်မှုများ ဟန်ပြသဘောပဲဖြစ်ဖြစ် လုပ်ပြခဲ့ကြသေးသည်ကို အားလုံး မှတ်မိကြဦးမည် ထင်ပါသည်။

ဒီမိုကရေစီလည်း မရသေး၊ ငြိမ်းချမ်းရေးလည်း မရသေး၊ လူထုလူတန်းစားများအတွက် အခြေခံရပိုင်ခွင့်များပင် မရကြသေးသည့် မိမိတို့နိုင်ငံတွင် မိမိတို့အမြင်အရ နိုင်ငံရေးလှုပ်ရှားမှုများ ဆက်ရှိနေဦးမည်ဖြစ်သလို နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းတာ ဆီးတာ ထောင်ချတာတွေလည်း ဆက်ရှိနေဦးမည်ထင်သည်။

ယခုသတင်းမှာ ဖတ်လိုက်ရသည့် ပြောဆိုမှုများအရဆိုလျင် နိုင်ငံရေးသမား၊ နိုင်ငံရေးလှုပ်ရှားမှု၊ နိုင်ငံရေး ပြစ်မှုနှင့် နိုင်ငံရေးအကျဉ်းသားတို့၏ ဂုဏ်သိက္ခာနှင့် လုံခြုံမှုမှာ စိတ်မအေးစရာ အခြေအနေသို့ ရောက်ရှိသွားပြီဟု ယူဆရတော့မည် ဖြစ်သည်။

ပြောဆိုချက်များ၏ အတိမ်အနက်ကို ပြောဆိုခဲ့သူများ ပြန်လည်စဉ်းစားစေချင်ပါသည်။

အယ်ဒီတာအဖွဲ့

အမျိုးသားရေးပြဿနာနှင့် အမျိုးသားသွေးစည်းညီညွတ်မှု တည်ဆောက်ရေးအပေါ် သဘောထား

အမျိုးသားရေးပြဿနာဆိုသည်မှာ အမျိုးသားသွေးစည်းညီညွတ်မှုတည်ဆောက်ရေးဆိုင်ရာ ပြဿနာပင် ဖြစ်သည်။ ပဒေသရာဇ်ခေတ်မှစ၍ ယနေ့ထိတိုင် မြန်မာပြည်လူအဖွဲ့အစည်းအတွင်းရှိ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် လက်တွေ့တွင် အမှန်တကယ်ညီညွတ်မှု မရရှိခဲ့ကြပေ။ ထိုပြဿနာနှင့်ပတ်သက်၍ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ သဘောထားမှာ တိုင်းရင်းသားလူမျိုးများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံရေးပင်ဖြစ်သည်။

သခင်ဗဟိန်းနိုင်ငံရေး၊ သခင်ဗဟိန်းစိတ်ဓါတ် သခင်ဗဟိန်းလုပ်ဟန်

■ ဌန်မိုင်း ■



ဒီနေ့၊ ၂၇၊၆၊၂၀၁၇ ရက်နေ့ဆိုရင် သခင်ဗဟိန်း နှစ်တစ်ရာပြည့်သွားပြီ ဖြစ်ပါတယ်။

သခင်ဗဟိန်း ဆုံးပါးသွားတဲ့ ၁၉၄၆ ခုနှစ်က စပြီး ရေတွက်ရင်တောင် ၇၁ နှစ် တိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီလို နှစ်တွေ ဘယ်လိုဝေးဝေး၊ ကျနော်တို့ရင်ထဲမှာတော့ သခင်ဗဟိန်းဟာ ကျနော်တို့နှင့်အတူ အမြဲရှိနေတယ်လို့ ခံစားနေမိတယ်။ ကျနော်တို့ရဲ့ နေ့စဉ်နိုင်ငံရေးလုပ်ငန်းတွေမှာ သခင်ဗဟိန်းဟာ ကျနော်တို့နှင့်အတူ ရှိနေတယ်လို့ ခံစားရပါတယ်။

လရောင်နှင့်အတူ ညခရီးသွားကြတဲ့အခါ ခရီးသွားသူနှင့်အတူ လက သူဘယ်နေရာရောက်နေနေ အမြဲလိုက်ပါနေသလိုမျိုး ကျနော်တို့နိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်တိုင်းမှာ သခင်ဗဟိန်းကလည်း ကျနော်တို့နှင့်အတူ အမြဲလိုက်ပါနေပြီး ကျနော်တို့ရဲ့ နိုင်ငံရေးအဆုံးအဖြတ်တွေကို အမှားနည်း အမှန်များဖြစ်အောင် အမြဲထောက်ပြ လမ်းညွှန်ပေးနေတယ်လို့ ကျနော် ခံစားမိတယ်။

ဒီလိုမျိုး ကျနော်တို့ ဘာကြောင့် ခံစားနေမိတာလဲ။

သခင်ဗဟိန်းဟာ ကျနော်တို့ရင်ထဲမှာ ဘာကြောင့် ဒီလောက် စွဲမြဲနေရတာလဲ ကျနော် တွေးကြည့်မိတယ်။

အဖြေကတော့ ရှင်းပါတယ်။

သခင်ဗဟိန်း ဖြတ်သန်းထမ်းရွက်ခဲ့တဲ့ သမိုင်းတန်ဖိုးတွေးအပေါ် ကျနော်တို့ ယုံကြည်ကြလို့ ဖြစ်ပါတယ်။

သခင်ဗဟိန်းကို နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် အဖိနှိပ်ခံပြည်သူများ လွတ်မြောက်ရေးလှုပ်ရှားမှုကြီးရဲ့ စံထားအပ်တဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တယ်လို့ ကျနော်တို့ရင်ထဲက လှိုက်လှိုက်လဲ့လဲ့ ယုံကြည်ပါတယ်။

သခင်ဗဟိန်းဟာ ကျောင်းသားသမဂ္ဂခေါင်းဆောင်၊ တို့ဗမာအစည်းအရုံးခေါင်းဆောင်၊ ကွန်မြူနစ်ပါတီခေါင်းဆောင်၊ ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင်၊ ဖက်ဆစ်တော်လှန်ရေး ပြောက်ကျားစစ်ခေါင်းဆောင်၊ အလုပ်သမားသမဂ္ဂခေါင်းဆောင် စသဖြင့် ကျနော်တို့နိုင်ငံရဲ့ အရေးကြီးတဲ့ သမိုင်းဖြစ်စဉ်တိုင်းမှာ လူထုလူတန်းစားအလွှာအသီးသီးနှင့် တစ်သားတည်း တစ်ထပ်တည်း အတူလက်တွဲပြီး ရှေ့ဆုံးတန်းက ရဲရဲရင့်ရင့် ဦးဆောင်တိုက်ပွဲဝင်ခဲ့သူ ဖြစ်တယ်လို့ ကျနော်တို့ရင်ထဲက လှိုက်လှိုက်လဲ့လဲ့ ယုံကြည်ပါတယ်။

သခင်ဗဟိန်းဟာ ကျောင်းသားထုညီညွတ်ရေး၊ အလုပ်သမားထုညီညွတ်ရေး၊ လူမျိုးစုံညီညွတ်ရေး၊ နိုင်ငံရေးပါတီများအကြား ညီညွတ်ရေး၊ အဖွဲ့အစည်းအတွင်း ညီညွတ်ရေး၊ ပါတီတွင်းညီညွတ်ရေး၊ တပ်ပေါင်းစုအတွင်း ညီညွတ်ရေး စတာတွေကို အသက်တမျှ တန်ဖိုးထားခဲ့သူ၊ ညီညွတ်ရေးကို အစွမ်းကုန်ကြိုးစားတည်ဆောက်ခဲ့သူ ဖြစ်တယ်လို့ ကျနော်တို့ရင်ထဲက လှိုက်လှိုက်လဲ့လဲ့ ယုံကြည်ပါတယ်။

ကျနော်တို့ လူမျိုးစုံ မြန်မာပြည်သူတွေက အဲဒီလို သခင်ဗဟိန်းအပေါ် ယုံကြည်တန်ဖိုးထားနေတဲ့အချိန်မှာ အင်္ဂလိပ်နယ်ချဲ့အစိုးရကတော့ သခင်ဗဟိန်းကို သူ့အာဏာယန္တရားကို ကိုင်အလှုပ်နိုင်ဆုံး ရန်သူတော်နံပါတ်(၂) အဖြစ် ကြောက်ရွံ့စွာ၊ တုန်လှုပ်စွာ သတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။

သခင်ဗဟိန်းရဲ့ နိုင်ငံရေး၊ သခင်ဗဟိန်းရဲ့ စိတ်ဓါတ်၊ သခင်ဗဟိန်းရဲ့ လုပ်ဟန်တွေဟာ ကျနော်တို့အဖို့ အတုယူစရာတွေ၊ အလုပ်လမ်းညွှန်တွေ ဖြစ်တယ်လို့ ကျနော် ယူဆပါတယ်။ အတုယူစရာ အထောင်အသောင်းတွေထဲက အကွက်အချို့ကို ကျနော် ထုတ်ကြည့်ချင်ပါတယ်။

သခင်ဗဟိန်းဟာ လူထုတခြား သူတခြား၊ ရဲဘော်တွေ တခြား သူတခြား၊ လုပ်ဖော်ကိုင်ဖက်တွေတခြား သူတခြား ဘယ်တော့မှမနေဘဲ လူထုနှင့်အတူ၊ ရဲဘော်တွေနှင့်အတူ၊ လုပ်ဖော်ကိုင်ဖက်တွေနှင့်အတူ အမြဲရှိတယ်။ ရှိတာမှ တစ်သားတည်း တစ်ထပ်တည်း ငါးနှင့်ရေပမာ ရှိခဲ့တာ ဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂခေါင်းဆောင်၊ တို့ဗမာအစည်းအရုံးခေါင်းဆောင်၊ ကွန်မြူနစ်ပါတီခေါင်းဆောင်၊ ပြောက်ကျားစစ်ခေါင်းဆောင်၊ အလုပ်သမားသမဂ္ဂခေါင်းဆောင်များအဖြစ် တာဝန်ယူ ဆောင်ရွက်နေချိန်တွေမှာ သခင်ဗဟိန်းနှင့် သခင်ဗဟိန်းရဲ့ ရဲဘော်တွေဟာ ငါကအမိန့်ပေး မင်းတို့ကလိုက်လုပ် ဆိုတာမျိုးမဟုတ်ဘဲ ပြဿနာတိုင်း ကိစ္စရပ်တိုင်းမှာ အတူဆွေးနွေး၊ အတူညှိနှိုင်း၊ အတူဆုံးဖြတ်၊ အတူအကောင်အထည်ဖော် ဆိုတာမျိုး လက်ချင်းခိုင်ခိုင်တွဲပြီး အတူတကွ ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

သခင်ဗဟိန်းဟာ ပိတ်ဆို့နေတာမျိုးကို ရပ်စောင့်နေသူမျိုးမဟုတ်ဘဲ တိုက်ဖွင့်ရဲသူ ဖြစ်တယ်။ ရေနံမြေသပိတ်တပ်ကြီး မကွေးမြို့မှာ ပိတ်မိနေတဲ့အချိန်မှာ မြင်းခွာတစ်ချက် ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်ဆိုတဲ့ ရဲရဲတောက် မိန့်ခွန်းနှင့် တိုက်ဖွင့်ခဲ့တယ်။ သူ့ကို အာဏာပိုင်တွေက မကွေးထောင်ထဲ ဖမ်းထည့်ပြီး သပိတ်တပ်ကိုဖြိုခွဲဖို့ ဆက်လုပ်နေချိန်မှာ သခင်ဗဟိန်းဟာ ထောင်ထဲက အကျဉ်းတိုက်ခေါင်မိုးပေါ်တက် မိန့်ခွန်းပြောကာ မကွေးအာဏာပိုင်တွေကို အာရုံပြောင်းစေပြီး အလုပ်သမားတွေ ရန်ကုန်ကို ဆက်ချီတက်နိုင်အောင် လမ်းဖွင့်ပေးခဲ့ပါတယ်။

သခင်ဗဟိန်းကို ရပ်တန့်သွားအောင် ဘယ်လိုအရာကမှ၊ ဘယ်လိုအန္တရာယ်မျိုးကမှ တားဆီးထားလို့မရဘူး။

၁၉၃၉ခု နှစ်ဆန်းစ အင်္ဂလိပ်နယ်ချဲ့အစိုးရက သခင်ဗဟိန်းကို စစ်ဆန့်ကျင်ရေးတရားဟောမှုနှင့် အင်းစိန်ထောင်ထဲ ဖမ်းဆီးထောင်ချထားခဲ့ပါတယ်။ ဘာမှလုပ်လို့မရအောင် ဖမ်းဆီးထိမ်းချုပ်လိုက်တာ ဖြစ်ပါတယ်။ နယ်ချဲ့အစိုးရက အဲဒီလို ပိတ်ဆို့ထားတဲ့အချိန်မှာတောင် သခင်ဗဟိန်းဟာ ခနရှင်လောက၊ ကျောင်းသားအရေးတော်ပုံ၊ ကမ္ဘာစစ်နှင့် ဗမာ့နောင်ရေး စတဲ့စာအုပ်တွေကို ရေးသားပြုစုနိုင်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတဲ့အခါမှာ မြေအောက်တော်လှန်ရေး တာဝန်များကိုယူကာ ပြည်သူ့အရေးတော်ပုံစာတမ်း၊ မီးပွားစာစောင်၊ ဗမာ့တော်လှန်ရေး စတဲ့စာတမ်းတွေကို လျှို့ဝှက်ရေးသားထုတ်ဝေခဲ့ပါတယ်။

သခင်ဗဟိန်းဟာ လက်တွေ့ကျတဲ့ တိုက်ပွဲနည်းနာများကို ချမှတ်နိုင်ခဲ့တယ်။

ဖက်ဆစ်တော်လှန်ရေးကာလမှာ မိမိထက် အင်အားရော လက်နက်ပါ အစစအရာရာ သာလွန်နေတဲ့ ရန်သူကို တိုက်နိုင်ရန်အတွက် ပြည်သူ့စစ်သဘောတရားကို သခင်ဗဟိန်းက အသက်ပါပါ ထူထောင်ပေးခဲ့နိုင်တယ်။ ကျနော်တို့ ရေမြေနှင့်ကိုက်ညီတဲ့ ပြောက်ကျားစစ်နည်းသစ်တွေကို ပြုစုပြီး သင်တန်းများကို မနားမနေ ပို့ချပေးခဲ့တယ်။

သခင်ဗဟိန်းရဲ့ ပြည်သူ့စစ်သဘောတရား ပြောက်ကျားစစ်နည်းသစ်မှာ အဓိကအချက်(၁၀) ချက် ပါဝင်ပါတယ်။ အဲဒါတွေက။ ။

(၁) အင်အားကြီးသောရန်သူကိုချေမှုန်းရာမှာ ပြည်သူ့ပြောက်ကျားမပါလျှင် မပြီးနိုင်ချေ။

(၂) ပြောက်ကျားစစ်သည် လူထုများ၏စစ်ဖြစ်သည်။

(၃) ပြည်သူ့ပြောက်ကျား၏စစ်ကို ဆင်နွှဲနိုင်ရန် မြန်မာနိုင်ငံတွင် ကျေးလက်ကို အခြေခံရန်လိုသည်။

(၄) တိတိကျကျအားဖြင့် လယ်သမားထုနှင့် လူမျိုးစုများကို အခြေခံ၍ ဖော်ထုတ်ရန်လိုသည်။

(၅) ပြောက်ကျားစစ် တွဖက်မှုမရှိဘဲ ဗမာ့တပ်မတော်က အောင်ပွဲမဆင်နိုင်။

(၆) ပြည်သူလူထုကို စစ်အမြင်အရ စည်းရုံးလှေ့ကျင့် တိုက်ပွဲသွင်းရမည်။

(၇) ပြည်သူကို လက်နက်တပ်ဆင်ရဲရမည်။

(၈) တိုက်ပွဲအတွင်း တပ်ကို စည်းရုံးဖွဲ့စည်းသွားရမည်။

(၉) ပြည်သူလူထု၏စွမ်းရည်ကို ချွန်းဖွင့်ပေးရမည်။

(၁၀) ဂျပန်ဖက်ဆစ်ချေမှုန်းရေး ပြောက်ကျားစစ်ပွဲကို လူထုပွဲတော်အဖြစ် ဆင်နွှဲရမည်။

စတဲ့ အချက်တွေ ဖြစ်ပါတယ်။ အဲဒီ နည်းနာတွေနှင့် ဗမာ့ကာကွယ်ရေးတပ်မတော်ရဲ့အင်အားဟာ ၃၀၀၀ ရှိရာကနေ အင်အား ၂၀၀၀၀ ကျော်ထိ ဖြစ်လာခဲ့ပါတယ်။ ဒါတွေကို ကြည့်ရင် လက်တွေ့လည်းကျ လူထုလည်းဆန်တဲ့ တိုက်ပွဲနည်းနာတွေကို တိုက်ပွဲလိုအပ်ချက်နှင့်အတူ သခင်ဗဟိန်းက တည်ထွင်ဖန်တီးပေးခဲ့တယ်ဆိုတာကို တွေ့ကြရမှာဖြစ်ပါတယ်။

သခင်ဗဟိန်းဟာ လူထုရဲ့ မကုန်ခမ်းနိုင်တဲ့ တည်ထွင်ဖန်တီးမှုများနှင့် စွမ်းပကားတွေကို အပြည့်အဝ ဖော်ထုတ်နိုင်အောင် ခွင့်ပြုခဲ့တယ်။ အားလည်းပေးခဲ့တယ်။ သတ္တိလည်းသွင်းပေးခဲ့တယ်။ လူထုကို ငြိမ်ဝပ်ပိပြားနေစေတာမျိုး ဘယ်တော့မှ မလုပ်ဘူး။ လူထုက အရာရာကို ဖန်တီးနိုင်တယ်ဆိုတာကို အလေးထား သင်ကြားပေးခဲ့တယ်။

ဒါကြောင့်လည်း ဖက်ဆစ်တော်လှန်ရေးကာလ ၁၉၄၅ ဇူလိုင် ၂ ရက်နေ့မှ သြဂုတ်လ ၁၄ ရက်နေ့အတွင်း ရန်သူ ၇၁၅၉ ယောက်ကို ချေမှုန်းခဲ့နိုင်ပြီး ရန်သူ ၂၇၇၃ ယောက်ကို ဒဏ်ရာရစေနိုင်ခဲ့တယ်။ သုံ့ပန်း ၅၃၈ ယောက်ကို ဖမ်းဆီးနိုင်ခဲ့ပြီး အမြောက် ၂ လက်၊ လက်နက်မျိုးစုံ အလက် ၂၉၀၀ နှင့် ခဲယမ်းမီးကျောက်များကို သိမ်းဆည်းနိုင်ခဲ့ကြပါတယ်။ လူထုရဲ့စွမ်းပကားတွေကို ဖော်ထုတ်ရယူပြီး မှန်ကန်တဲ့ တော်လှန်ရေးလမ်းစဉ်ကို ပေါင်းစပ်ကာ ဗြိတိသျှ မဟာမိတ်တပ်တွေ အံ့အားသင့်ယူရလောက်အောင် အောင်ပွဲကို အရယူပေးခဲ့တာ

ဖြစ်ပါတယ်။

သခင်ဗဟိန်းဟာ ရာထူးဂုဏ်သိန်ထက် အလုပ်လိုအပ်ချက်ကိုသာ အဓိကထားသူဖြစ်တယ်ဆိုတာကိုလည်း တွေ့ရပါတယ်။

ဖက်ဆစ်ဂျပန်တွေ လက်နက်ချပြီးနောက် လွတ်လပ်ရေး ကြိုးပမ်းကြတဲ့ကာလမှာ ဗိုလ်ချုပ်အောင်ဆန်းက တပ်ကထွက်ပြီး ဖဆပလမှာ အချိန်ပြည့်တာဝန်ယူဖို့ ဆုံးဖြတ်ပြီးတဲ့အခါ စစ်ရေးအရ၊ နိုင်ငံရေးအရ စိတ်ချရတဲ့ သခင်ဗဟိန်းကို တပ်ကိုကိုင်ဖို့ ဗိုလ်ချုပ်အောင်ဆန်းက တောင်းဆိုခဲ့ပါတယ်။ သခင်ဗဟိန်းက ကာကွယ်ရေးဦးစီးချုပ်တာဝန်ကို လက်မခံခဲ့ဘဲ အလုပ်သမားသမဂ္ဂဥက္ကဋ္ဌတာဝန်ကိုသာ ဆက်ပြီးယူခဲ့ပါတယ်။

ဒီအချက်မျှလောက်နဲ့ ချုပ်ကြည့်မယ်ဆိုရင်တောင် သခင်ဗဟိန်းဟာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အကျိုးအတွက်၊ တစ်စုတစ်ဖွဲ့အကျိုးအတွက်၊ လူမျိုးစုတစ်စုတည်း အကျိုးအတွက် လှုပ်ရှားရုန်းကန်ခဲ့တာ မဟုတ်ဘဲ လူမျိုးစုံ ပြည်သူလူထုကြီး တစ်ရပ်လုံးရဲ့အကျိုးနဲ့ တိုင်းပြည်အကျိုးအတွက် လှုပ်ရှား ရုန်းကန်ခဲ့တာဖြစ်တယ်လို့ မှတ်ချက်ချနိုင်ပါတယ်။

သခင်ဗဟိန်းဟာ တစ်ကိုယ်တော်လူစွမ်းကောင်း ဝါဒနဲ့ ဆောင်ရွက်တာမျိုး အလျဉ်းမရှိဘဲ စုပေါင်းခေါင်းဆောင်မှုနဲ့ ဆောင်ရွက်ခဲ့တာဖြစ်တယ်။ လူထုနဲ့အတူ လှုပ်ရှားဆောင်ရွက်တဲ့ လူထုလုပ်ဟန်ရှိသူ ဖြစ်တယ်လို့ ကောက်ချက်ချရမှာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း သခင်ဗဟိန်း ဖြတ်သန်းထမ်းရွက်ခဲ့တဲ့ သမိုင်းဟာ ကျနော်တို့နိုင်ငံအတွက်၊ လူမျိုးပေါင်းစုံ ပြည်သူလူထုတစ်ရပ်လုံးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့သမိုင်း ဖြစ်နေတာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း သခင်ဗဟိန်းရဲ့ နိုင်ငံရေး၊ သခင်ဗဟိန်းရဲ့ စိတ်ဓါတ်၊ သခင်ဗဟိန်းရဲ့ လုပ်ဟန်တွေဟာ ကျနော်တို့အတွက် စံထားစရာတွေ၊ အတုယူစရာတွေ ဖြစ်တဲ့အပြင် ကနေ့ကာလ ကျနော်တို့ရဲ့ လုပ်ငန်းတာဝန်တွေမှာ အလုပ်လမ်းညွှန်များအဖြစ် အသုံးပြုလို့ ရနေတာဖြစ်တယ်လို့ ကျနော် အခိုင်အမာ ပြောချင်ပါတယ်။

ကျနော်တို့မှာ ဒီနေ့ကာလအတွက် အဓိကအကျဆုံး တာဝန် (၂) ရပ် ရှိတယ်လို့ ကျနော် မြင်ပါတယ်။

တစ်ခုက သဏ္ဌာန်အမျိုးမျိုးနှင့် တည်ရှိနေတဲ့ စစ်အာဏာရှင်စနစ်ကို အကုန်အစင်ဖျက်သိမ်းပစ်ရေးတာဝန် ဖြစ်ပါတယ်။ နောက်တစ်ခုက အမျိုးသားတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေကို အပြည့်အဝအာမခံတဲ့ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးတာဝန် ဖြစ်ပါတယ်။

ဒီတာဝန် ၂ ရပ်ဟာ လွယ်လွယ်ကူကူနှင့် ဆောင်ရွက် ပြီးစီးသွားနိုင်တဲ့တာဝန်တွေ မဟုတ်ဘူးဆိုတာ ကျနော်တို့အားလုံး သိကြပါတယ်။ အင်မတန်ခက်ခဲနိုင်မှာ ဖြစ်ပါတယ်။ အင်မတန် လုံးပမ်းအားထုတ်နိုင်မှ အရယူနိုင်မယ့်၊ ပြီးမြောက်နိုင်မယ့် တာဝန်တွေဖြစ်ပါတယ်။

ဒီမှာ ကျနော် စဉ်းစားမိတာ ရှိပါတယ်။

သခင်ဗဟိန်းတို့ခေတ်ကာလက သခင်ဗဟိန်းတို့ ရင်ဆိုင်ခဲ့ရတဲ့ ရန်သူ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲ၊ ရင်ဆိုင်ခဲ့ရတဲ့ စိန်ခေါ်ချက်တွေကလည်း ကျနော်တို့ ကနေ့ရင်ဆိုင်နေကြရတာတွေထက် မလျော့ဘူးလို့ မြင်ပါတယ်။ သမိုင်းခေတ်ခြင်း မတူလို့ ခက်ခဲပုံခြင်း မတူကြတာသာ ရှိကောင်းရှိမှာ ဖြစ်ပါတယ်။

ဘယ်သူဟာ အဓိက ရန်သူလဲ။ ဘယ်သူက မဟာမိတ်လဲ။ ဘယ်သူက ကြားသမားလဲ။

ဘယ်သူနှင့် ဘယ်အဆင့်မှာ ဘယ်အတိုင်းအတာ အထိ လက်တွဲကြမလဲ။

ဘယ်အဆင့်ထိ လိုက်လျောလို့ရပေမဲ့ ဘယ်အဆင့်ကို တော့ အထိပါးခံလို့ မရဘူးလဲ။

ဆိုတဲ့ စဉ်းစားမှုတွေကို မှန်မှန်ကန်ကန် စဉ်းစားနိုင်မယ်ဆိုရင် ကျနော်တို့မှာ မကုန်ခမ်းနိုင်တဲ့ မိတ်ဆွေ ရေသောက်မြစ်တွေ ရှိပါတယ်။

အဲဒီလို မှန်ကန်တဲ့ အမြော်အမြင်တွေ ရှိမယ်ဆိုရင်၊ အဆင်းရဲအပင်ပမ်းခံဖို့ မကြောက်ဘူးဆိုတဲ့ သတ္တိတွေ ရှိမယ်ဆိုရင်၊ အခက်အခဲဟူသမျှကို ကျော်လွှားသွားမယ်ဆိုတဲ့ ပိုင်းဖြတ်မှုလည်း ရှိပြီဆိုရင် ကျနော်တို့နှင့်အတူ သခင်ဗဟိန်းလည်း ရှိနေမှာ သေချာတယ်လို့ ကျနော် ယုံကြည်ပါတယ်။

မိတ်ဆွေတွေနှင့် လက်ချင်းချိတ်ပြီး ကျနော်တို့ လမ်းဆုံးအောင် ဆက်လျှောက်ကြပါစို့။

သခင်ဗဟိန်းရဲ့ နိုင်ငံရေးမျှော်လင့်ချက်တွေကို လက်ဆင့်ကမ်းသယ်ဆောင်ရင်း ဆက်လက် ပုံဖော်ကြပါစို့။

သခင်ဗဟိန်းရဲ့ နိုင်ငံရေး၊ သခင်ဗဟိန်းရဲ့ စိတ်ဓါတ်၊ သခင်ဗဟိန်းရဲ့ လုပ်ဟန်တွေကို မြဲမြံစွာကိုင်စွဲပြီး ကျနော်တို့ရဲ့ ရည်မှန်းချက်တွေ အပြည့်အဝ အောင်ပွဲရသည်အထိ ဆက်လက် တိုက်ပွဲဝင်ကြဖို့ သခင်ဗဟိန်းရာပြည့်နှစ်မှာ သစ္စာဓိဋ္ဌာန်ပြုကြပါစို့လို့ အားလုံးကို တလေးတစား ပန်ကြားတိုက်တွန်းလိုက်ပါတယ်။

■ ဌန်မိုင်း
၂၇၊၆၊၂၀၁၇

မှီငြမ်းကိုးကား

(၁) ဖက်ဆစ်တော်လှန်ရေးနှင့် သခင်ဗဟိန်း (အောင်မြင့်ဦး–မဟာဝိဇ္ဇာ)

(၂) ရန်သူတော် နံပါတ် ၂ (၁၉၄၀ ပုလိပ်သတင်း ကောက်နှုတ်ချက်)

(၃) သခင်ဗဟိန်းအထုပ္ပတ္တိအကျဉ်း (ထွန်းဝင်းငြိမ်း)

(၄) သခင်ဗဟိန်းနှစ်တစ်ရာပြည့်အခမ်းအနား ကျင်းပရေးကော်မတီ(ရန်ကုန်)သဘောထားထုတ်ပြန်ကြေညာချက် (၂၇၊၆၊၂၀၁၇)

ဆွေးနွေးပွဲယဉ်ကျေးမှု၊ တန်းတူရေးနှင့် လွတ်လပ်ခွင့်

■ စောဝင်း ■

မကြာသေးခင်က ကျနော်တို့ နိုင်ငံရေးဆွေးနွေးပွဲတစ်ခု လုပ်ဖြစ်ကြသည်။

ကျနော့်ရှေ့ခုံတန်းက တစ်ဦးက ဆွေးနွေးသူတစ်ယောက် ဆွေးနွေးနေချိန် ''ဘာတွေ လျှောက်ပြောနေတာလဲ'' ဟု ဒေါသဖြင့် မြည်တမ်းသံ ကြားသည်။ တခဏအတွင်း သူမက အများသူငါ သိသာစေသော ငြူစူအမူအရာကိုပြလျက် ထထွက်သွားသည်။ ဆွေးနွေးခန်းမ အပြင်ဆီသို့။

ကျနော်ကတော့ ပြုံးချင်စရာမှတ်၍ ပြုံးမိသည်။ အနီးရှိ မိတ်ဆွေတစ်ဦးက ကျနော့်ဘက် လှည့်ကြည့်လာသဖြင့် ''သူ မကြားဝံ့တာ ဘာပါသလဲမှ မသိတတ်တာဗျာ'' ဟု ရယ်သွမ်းသွေးရင်း မှတ်ချက်ပေးမိသည်။ ရှေ့ခုံတန်းမှပင် အခြားသော သူမ တစ်ဦးကတော့ ပြုံးစရာ ရယ်စရာ မှတ်ပုံမရ။ ပြန်လှန် ဆွေးနွေးခွင့် ရရှိချိန်တွင် ''ဘဝနှင့်ရင်းလျက် လက်တွေ့ဖြတ်သန်းကြရသူ ရင်ဆိုင်ခဲ့ကြရသူများတန်ဘိုးကို မသိကြခြင်းအပေါ် သူမအနေဖြင့် နားမလည် လက်မခံနိုင်၊ ၄င်းတို့ အတွေ့အကြုံအရ တင်ပြ ဆွေးနွေးချက်များအပေါ် မနှစ်မြို့သည့်တိုင် မိမိ၏ လက်တွေ့ ဖြတ်သန်းခဲ့မှုနှင့် ယှဉ်၍ တလေးတစား တန်ဘိုးပေး နားထောင်သင့်လျက် မဖွယ်မရာပြုခြင်းကို သူမ သတိပြုမိသည်။ လက်ရှိ ရှေ့ဆောင် ဆွေးနွေးသူများအနေဖြင့် ဤ မယဉ်ကျေးမှုကို မည်သို့ သဘောထားကြကြောင်း သိလိုပါသည်။'' စသည်ဖြင့် မေးခွန်းထုတ်သည်။

ရှေ့ဆောင် ဆွေးနွေးသူ ၃ ဦးလုံးက ဤမေးခွန်းကို လည်းကောင်း၊ ဤအပြုအမူကိုလည်းကောင်း တုန့်ပြန်မှတ်ချက် တစုံတရာမပေးလိုပါဟု အဖြေပေးသည်။ သူမတို့ရှေ့နောက်ထပ်ခုံတန်းတစ်ခုက တစ်ယောက်က ထပ်မံ ဆွေးနွေးပြန်သည်။ ''ကိုယ်ရေးကိစ္စ အခက်ရှိသောကြောင့် ဆွေးနွေးပွဲကို စိတ်ရှည်သည်းခံမနေနိုင်သူများ ရှိမည်၊ ကိစ္စ မရှိ၊ သို့သော် ရည်ရွယ်ချက်ဖြင့် မဖွယ်မရာ မယဉ်မကျေးပြုခြင်းမျိုးကတော့ လက်ခံစရာ မရှိ'' ဟူ၍ သူ့ကိုမေးသည် မဟုတ်ငြား မှတ်ချက်ထ၍ပေးသည်။ ကျနော်က နောက်ထပ် ပြုံးစရာအသစ် ထပ်တွေ့သည်ဟု အောက်မေ့မိသည်။ အဆိုပါ မကျေမချမ်းနိုင်သူမနှင့် ခုံတစ်တန်းထဲထိုင်သူ လူငယ်ခေါင်းဆောင်တစ်ဦးက ရယ်ရယ်မောမောဖြင့် သူမထင်မြင်ချက်ကို ပြောလာသည့်အခါမတော့ ကျနော်က လေးလေးစားစား ဖြေမိသည်။ ''လူတိုင်း တုန့်ပြန် ဆွေးနွေးခွင့် ရှိတာဘဲ သမီးရယ်၊ ဒါက ဆွေးနွေးပွဲပဲ။ ကိုယ့်မှာ အချက်အလက်ဖြစ်ဖြစ် အတွေးအခေါ်ဖြစ်ဖြစ် ခိုင်ခိုင်မာမာ ရှိနှင့်တယ်ဆိုရင် တုန့်ပြန်ဆွေးနွေးရမှာပေါ့။ မရှင်းလင်းဘူး ယူဆရင် မေးခွန်းထုတ်ရမှာပေါ့။ ကိုယ့်အခွင့်အရေး ကိုယ် အသုံးမချဘဲ သူများရဲ့ လွတ်လပ်တဲ့ပြောဆိုခွင့်အပေါ် စိတ်ဆိုးစရာ အကြောင်းရှိတယ်လို့ ထင်မြင်နေတာ သူ့လိုအပ်ချက်ဘဲ ထင်တယ်'' ဟု ပြန်လည် မှတ်ချက်ပေးမိသည်။

ကျနော် ယုံသည့်အတိုင်း မှတ်ချက်ပေးတာဖြစ်သည်။ တချို့ အခြားတစ်ဖက်မှ ဆင်ခြေလဲနိုင်သည်။ သူများ မကြိုက်လောက်တာ မရှောင်ရှားတတ်၊ သူများ ဘဝင်ခွဲလောက်စရာ မပြောတတ်တာကပင် ဆွေးနွေးသူ၏ ညံ့ဖျင်းချက် ဆိုတာမျိုး မှတ်ချက်လည်း ရှိတတ်ပါသည်။ ကြားဖူးသည်။ ကိစ္စမရှိ၊ လူတစ်ဦးချင်းစီ၏ အတွေးအခေါ်အခြေခံနှင့် ဆိုင်ပါလိမ့်မည်။ ကျနော် နားလည်သည်က ကြိုက်တာ ကြားချင်လျှင် ကြေးစားကွက်စိပ်ဆရာ ငှား နားထောင်သင့်သည် ထင်၏။ ဆွေးနွေးပွဲဆိုတာမျိုးက မိမိအတွေ့အကြုံ ဖြတ်သန်းမှုများအရ မိမိကောင်းမည်ဟု ယုံတာကို တင်ပြလိမ့်မည်။ မိမိ လိုလားချက်များ ဖော်ပြလိမ့်မည်။ မိမိနှစ်သက်ရာရာကို ပြောဆို ဆွေးနွေးကြလိမ့်မည်။ ကျနော်တို့က မရှင်းလင်းဟု ခံစားမိက ပြန်လှန် မေးခွန်း ထုတ်ပိုင်ခွင့်ရှိသည်။ ဒါမှမဟုတ် ဤ တင်ပြချက်အတိုင်း ဆိုပါက ထိုသို့ဤနှယ် အကျိုးဆက်များ ရှိနိုင်သည်၊ သို့ဆိုက ကျနော်တို့ဘက်က ဆိုးပြစ် သို့တည်းမဟုတ် ကောင်းကျိုးဟု ဤပုံထိုသို့ နားလည်ထားသည်၊ အကယ်တန္တု ဤနှယ် ဖြစ်လာက ယခု အဆိုပြုဆွေးနွေးသူက အဘယ်ပုံတာဝန်ရှိလျက် အဘယ်သို့ တာဝန်ယူ ဖြေရှင်းမည်နည်း ... စသည်ဖြင့် စောဒကတက်ကြည့်ခွင့်ရှိသည်။ ဒါက ဆွေးနွေးပွဲ၏ ယဉ်ကျေးမှုဟု ကျနော်က ထင်မြင်သည်။ ကျနော်တို့က လွဲကောင်းလွဲနေမည်။ သို့မဟုတ် ကျနော်တို့ တုန့်ပြန်မှုကြောင့် မူလ အဆိုပြုဆွေးနွေးခဲ့သူအဖို့ ပြန်တည့်မတ်သွားရတာမျိုးလည်း ဖြစ်ကောင်းဖြစ်မည်။ ဤ ၂ မျိုး မဟုတ်ခဲ့ပြန်သော်မှ တစ်ဦးအပေါ်တစ်ဦးက အထူးတလည် စိတ်ကွက်ဖွယ် မတွေးမိ။ ၂ ဘက် လက်ခံနိုင်ဖွယ်များစာရင်းနှင့်၊ ၂ ဘက် ကွဲလွဲမှုစာရင်းကို ကိုယ်စီ ပြုစုရရှိနိုင်ခွင့်ရှိသည် ထင်၏။ ဒါက တဖက်သတ် ဟောပြောမှုမဟုတ်၊ ဆွေးနွေးကြတာဖြစ်သည်။ ဆွေးနွေးဘက်အပေါ်ထားသော ကိုယ်ကျင့်တရားတစ်ခု ကျနော်တို့က ရှိနှင့်ဖို့ လိုမည်ထင်သည်။ ၄င်းက ကျနော်တို့ကြားချင်ရာရာ သီဆိုဖြော်ဖြေရန် အခကြေးစား ငှားရမ်းထားသည့် သာချင်းသည် မဟုတ်ပါ။

ဆွေးနွေးဘက်ဆိုသည်က ကျနော်တို့ နှစ်သက်တာ

များ ပြောပြဖြော်ဖြေပေးရန် ဝတ္တရားရှိနှင့်နေသူ မဟုတ်ပါ။ ကျနော်တို့ တွေးမထားဖူးတာများ သူဘက်က ဖေါ်ထုတ်လာတာ ရှိနိုင်သည်။ ကျနော်တို့ လက်ခံခက်တာတွေလည်း သူတင်ပြကောင်း တင်ပြပေလိမ့်မည်။ ကျနော်တို့က ကျနော်တို့နှစ်သက်တာ ကျနော်တို့ အဟုတ်မှတ်သက့ဲသို့ပင် သူဘက်မှာသူ့အတွေးအခေါ်နှင့် သူအတွေ့အကြုံများအရ သူတင်ပြလိုသည်များ ရှိပါလိမ့်မည်။ ဒါက သဘာဝဟု ရိုးရိုးပင် ယုံသည်။ သူ့လွတ်လပ်ခွင့်ကို ကျနော်တို့က ပိတ်ပင်ထားနှင့်မည်ဆိုက သူ့ကို တန်းချင်းတူတူ မပေး၊ ကျနော်တို့က ကိုယ့်ကိုယ်ကိုယ် တစ်ဆင့်မြှင့် စီးပိုးရာကျပေမည်။ တန်းတူမှု၊ လွတ်လပ်ခွင့်နှင့် ဆွေးနွေးပွဲယဉ်ကျေးမှုဟူသည် ယနေ့အရေးတကြီး သတိထားသင့်သောကိစ္စ ထင်မိသည်။

ကျနော်တို့က ဤနိုင်ငံရေးဆွေးနွေးပွဲ လုပ်ကြမည်ဟု တိုင်ပင်ကြစဉ်က ကျနော်တို့ တူတူအလုပ်လုပ်ကြမည့် သူများအကြား အကျောက်အကန်တွေ ပြောခဲ့ကြရတာ အမှတ်ရသည်။ ဒါကြောင့်လည်း ကျနော်က ပြုံးစရာဟု ပိုတွေးတောမိတာ ဖြစ်နိုင်သည်။ ဆွေးနွေးပွဲလုပ်ကြပါက ပြန်လှန် မေခွန်းထုတ်ခွင့်၊ ငြင်းခုန်ဆွေးနွေးပိုင်ခွင့်များကို အလွဲအသုံးချလျက် ပွဲဆူပွဲပျက်အောင် ပရောဂမ္မား ဖန်တီးမလာနိုင်ဘူးလား ဆိုသည့် စိုးရိမ်စိတ်များဖြင့် ဆွေးနွေးခဲ့ကြခြင်းကို ကျနော် မှတ်မိနေသည်။ ကျနော်က မစိုးရိမ်။ ကျနော်တို့မှာ ဆွေးနွေးပွဲလုပ်ကြရခြင်း၏ ဦးတည်သော အကျိုးစီးပွား တနည်း ရည်မှန်းချက် တိတိကျကျ ရှိနေသည်။ ဒါကိုလည်း ဖုံးဖိမထား၊ အတိအလင်းပင် ဖေါ်ပြကြမည်ဖြစ်သည်။ ကျနော်တို့ စဉ်းစားချက် ယုံကြည်မှုတို့အပေါ်လည်း ကျနော်တို့ကိုယ်တိုင် သေသေချာချာ ရှင်းရှင်းလင်းလင်းနှင့် ခိုင်ခိုင်မာမာ ရှိကြသည်မှန်က ဖွင့်ပေးထားသော ဆွေးနွေးပွဲပုံစံက အပိတ်ပြုထားသည့် ဟောပြောမှုပုံစံထက် နိုင်ငံရေးတန်ဘိုး ပိုသည်ဟု ကျနော်ထင်မိသည်။ ဒီအတိုင်း ကျနော်ဆွေးနွေးခဲ့တာ အမှတ်ရသည်။ ကျနော်တို့က လမ်းသူရဲများနှင့် ရန်ဖြစ်ရန် ရည်ရွယ်ရင်းမရှိ၊ ကျနော်တို့ကိုယ်တိုင်ရော၊ ကျနော်တို့ မိတ်ဆွေများပါ စဉ်းစားတွေးတောစရာတွေ များသည်ထက်များများ ရလိမ့်မှက လိုရင်းဖြစ်သည်။ ဒီ အကြိုဆွေးနွေးမှုများကပဲ ကျနော့်ကို ပြုံးချင် ရယ်ချင်ဖို့ စေ့ဆော်ခဲ့ကြသည် ထင်သည်။

ကျနော့် ရည်ရွယ်ချက်က ဆွေးနွေးပွဲအကြောင်း ပြောလိုရင်းမဟုတ်ဘဲ ဆွေးနွေးပွဲဆိုင်ရာ ယဉ်ကျေးမှုအကြောင်းသာ ဖြစ်၍ မည်သည့်ပွဲ ဖြစ်သည်ဆိုခြင်းနှင့် ပုဂ္ဂိုလ်အမည်များ တမင်ချန်လှပ်ခဲ့သည်ကို ရဲဘော်အများ နားလည်ပေးကြလိမ့်မည် မျှော်လင့်မိပါသည်။

■ စောဝင်း

၂၈၊ ၆၊ ၂၀၁၇။

လယ်ယာမြေသိမ်းဆည်းမှုများနှင့် ပတ်သက်သော သဘောထား

မြန်မာပြည်လူဦးရေ၏ ၆၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး လယ်ယာအသက်မွေးဝမ်းကြောင်းလုပ်ငန်း အပေါ်တွင် မှီခိုရပ်တည်နေကြရသည်။ ထိုပြည်သူတို့၏ဘဝ တိုးတက်ပြောင်းလဲမှု မရှိပါက တိုင်းပြည်သည်လည်း ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိမည်မဟုတ်ချေ။ ဆယ်စုနှစ်နှင့်ချီ၍ စစ်တပ်၊ စစ်အစိုးရ၊ ၄င်းတို့နှင့်နီးစပ်သော စီးပွါးရေးလုပ်ငန်းရှင်ကြီးများက ကျေးလက်နေပြည်သူတို့၏ လယ်ယာမြေအမြောက်အမြားကို သိမ်းယူမှုများ တိုင်းပြည်အနှံ့ဖြစ်ပေါ်ခဲ့၊ ဖြစ်ပေါ်နေဆဲဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ လူမှုဘဝရပ်တည်ရှင်သန်ရေး၊ လယ်ယာမြေအခြေပြု စီးပွါးရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား ထည့်သွင်းစဉ်းစားခဲ့ပုံမရချေ။ ယနေ့အခြေအနေတွင် လယ်ယာမြေ ပြန်လည်ရရှိရေး ကြိုးပမ်းအားထုတ်မှုများ တိုင်းပြည်အနှံ့တွင် ဖြစ်ပေါ်လျက်ရှိသည်။

လူဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် ၄င်း လယ်ယာမြေပြန်လည်ရရှိရေး ကြိုးပမ်းအားထုတ်မှုများအား အခြေခံအားဖြင့် ထောက်ခံသည်။ တိုင်းပြည်အတွက် မရှိမဖြစ်ပြုလုပ်ရမည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ပြုလုပ်ရန်လိုအပ်ပါကလည်း ဒေသခံ ပြည်သူများနှင့် ညှိနှိုင်းခြင်း၊ ခေတ်ကာလနှင့်လျော်ညီသော သင့်တော်သည့် လျော်ကြေးများပေးဆောင်ခြင်း၊ ဒေသခံပြည်သူတို့၏ ရေရှည်ဘဝ ရပ်တည်နိုင်ရေးအတွက် ဖန်တီးပေးခြင်းတို့ကို မဖြစ်မနေ လုပ်ဆောင်ရမည် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများအားလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်ဟု မိမိတို့ပါတီက သဘောထားသည်။

■

သခင်မဟိန်း
ကျေးဇူးအမှတ်အသား
၃၁ရက်၊ ၂၀၁၇ ယုဒဿနခန်းမ

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)

အမှတ် (၂၅၁)၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(၅၅) နှစ်ပြည့် ဂု ရက် ဇူလိုင် အောက်မေ့ဘွယ်အခမ်းအနားများသို့ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာ

၁။ ယနေ့ (ဂု၊ ဂု၊ ၂၀၁၇)သည် ဇူလိုင် (ဂု)ရက် အရေးတော်ပုံ (၅၅)နှစ် ပြည့်မြောက်သည့်နေ့ ဖြစ်သည်။

၂။ ဤ ဂု - ဇူလိုင် အရေးတော်ပုံသည် ရန်ကုန်တက္ကသိုလ်ကျောင်းသားထု၏ ဂုဏ်ပြောင်သော မော်ကွန်းကမ္ဘည်း၊ အာဏာသိမ်းစစ်အုပ်စု၏ ရက်စက်ကောက်ကျစ်မှု၊ အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီရေး တိုက်ပွဲသမိုင်းတို့၏ အောက်မေ့ဆင်ခြင်ဘွယ်အမှတ်အသားများ စသည့်အချက်များကို ပေါင်းရုံးဖော်ပြလျက် ရှိပေသည်။

မြန်မာပြည်သူတို့ တခဲနက် လိုလားတောင်းဆို တိုက်ပွဲဝင်နေကြသော ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားသွေးစည်း ချစ်ကြည်ရေး၊ လွတ်လပ်၍တန်းတူသော ဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်ရေးတို့ အပြည့်အဝ အောင်မြင်ပြီး မြောက်နိုင်ရန်ဆိုလျှင် စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေးသည် မလွဲမသွေ ထမ်းရွက်ရမည့် တာဝန်ဖြစ်ကြောင်း ဤအရေးတော်ပုံက အခိုင်အမာ ညွှန်ပြနေပေသည်။

၃။ ဂု - ဇူလိုင် အရေးတော်ပုံအတွင်း ဖမ်းဆီး ရိုက်နှက်ခံ၊ သွေးမြေကျခံ၊ အသက်များ ဆုံးရှုံးခံလျက် တိုက်ပွဲဝင်ခဲ့သူ အာဏာနည် ကျောင်းသားရဲဘော်အပေါင်းအား မိမိတို့ပါတီက လေးမြတ်စွာ ဂုဏ်ပြုဦးညွှတ်ပါသည်။

မိမိတို့ပါတီအနေဖြင့် ၁၉၅၃ မှ ၂၀၁၇ အထိ မျိုးဆက်အသီးသီး တိုက်ပွဲဝင်ကျောင်းသားများ၏ ၂၇၊ ၂၊ ၂၀၁၇ နေ့ ကြေညာချက်ပါ သဘောထားအတိုင်း ***ကျောင်းသားမျိုးဆက်အသီးသီးနှင့်တကွ ပါဝင်ထိုက်သူများအားလုံးနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေး သဘောတူညီမှုများ မရရှိဘဲ တဦးတယောက် တစုတဖွဲ့တည်းသဘောဖြင့် ဂု - ဇူလိုင် အရေး တော်ပုံ၏ သမိုင်းဆိုင်ရာ အနှစ်အသားတို့ကို ဖုံးကွယ်ဖျောက်ဖျက်ပစ်မည့် လုပ်ရပ်ဆိုးမှန်သရွေ့အား ပြတ်ပြတ်သားသား ဆန့်ကျင်ပါသည်။***

ထို့အတူ ***ခေတ်အဆက်ဆက် ကျောင်းသားထုက တိုက်ပွဲဝင်တောင်းဆိုခဲ့ကြသည့် ခေတ်မီအမျိုးသားပညာရေးစံနစ် တရပ် နိဉ်နိဉ်မာမာရရှိရေး၊ ကျောင်းသားသမဂ္ဂအသီးသီးအား လေးစားအသိအနှစ်ပြုရေးတို့ကို မိမိတို့ပါတီက လေးလေးနက်နက် ထောက်ခံပါသည်။***

၄။ ငြိမ်းချမ်း ညီညွတ် လွတ်လပ် တန်းတူသည့် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်နိုင်ရေး အခန်းဆက်တိုက်ပွဲများတွင် ကျရာတာဝန်တို့ကို ကျောင်းသားထုနှင့်အတူ၊ လူမျိုးစုံ မြန်မာပြည်သူလူထုကြီးနှင့်အတူ မိမိတို့ပါတီက ဂု - ဇူလိုင် စိတ်ဓာတ်နှင့် အစဉ်အလာများအား ဆက်ခံကိုင်စွဲ၍ အားထုတ် ထမ်းရွက်သွားမည်ဟု လေးနက် တည်ကြည်စွာ အဓိဋ္ဌာန် ပြုအပ်ပါသည်။

ဗဟိုစည်းရုံးရေးကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၁၇ ခုနှစ်၊ ဇူလိုင်လ၊ ဂု ရက်။

နိုင်ငံရေးနဲ့ ဘက်

■ တင်အေး ■



မတူတဲ့ အလုပ်အမျိုးအစားတွေကိုလိုက်လို့ အလုပ်သဘာဝတွေ အမျိုးမျိုးရှိပါတယ်။ ဆရာဝန်၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ စက်ရုံအလုပ်သမား၊ လယ်သမား၊ ကုမ္ပဏီဝန်ထမ်း၊ စာရေးဆရာ၊ အားကစားသမား၊ စစ်သား အစရှိလို့ မတူတဲ့ အလုပ်တွေနဲ့အညီ အဲဒီ့အလုပ်တွေကပေးတဲ့ လုပ်ရကိုင်ရ စဉ်းစားရတဲ့ သဘောသဘာဝတွေကလည်း မတူကြပါဘူး။ အလုပ်တစ်ခုမှာ ကာလရှည်ကြာလုပ်လာမယ်၊ ဘဝတစ်ခုလုံး မြှုပ်နှံလုပ်လာမယ်ဆိုရင် လူပုဂ္ဂိုလ်ရဲ့စရိုက်သဘာဝနဲ့ စဉ်းစားတွေးခေါ်ပုံမှာပါ အဲဒီ့အလုပ်သဘာဝက ပြဋ္ဌာန်းပေးလိုက်တဲ့ သဘောသဘာဝတွေ ထင်ဟပ်လာပါတယ်။

သတင်းမီဒီယာသမားနဲ့ သူ့အလုပ်သဘာဝ

အမှန်တရားဘက်ကပဲ လိုက်တယ်ဆိုတဲ့အသံကို အများဆုံး ကြားဖူးတာက သတင်းမီဒီယာသမားတွေ ဆီကပါ။ သတင်းမီဒီယာသမားတွေ ပြောတာက ဒီလိုပါ၊ သတင်းသမားဆိုတာ ဘယ်ဘက်မှမလိုက်ဘူး၊ မှန်တာကို မှန်တဲ့အတိုင်းပဲ ရေးတယ်၊ တင်ပြတယ်ဆိုတဲ့။ ဒါပေမဲ့ သတင်းမီဒီယာသမားတွေထဲမှာလည်း ဘက်လိုက်ရေးအယူအဆ ရှိသူတွေ ရှိပါတယ်။ ဗမာပြည်မှာလည်း ရှိပါတယ်၊ အထူးသဖြင့် နိုင်ငံရေးနွယ်တဲ့ သတင်းမီဒီယာသမားတွေရဲ့ အယူအဆပါ။ သူတို့ပြောတာကတော့ ပြည်သူ့ဘက်ကလိုက်ရမယ်ဆိုတဲ့ အယူအဆပါ။

ဘက်မလိုက်ဘဲ သတင်းရေးလို့ရသလားဆိုတာလည်း စဉ်းစားစရာပါ။ အဲဒီ့စဉ်းစားစရာကို ၂၀၁၀ ခုနှစ် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှာလုပ်ခဲ့တဲ့ မြန်မာသတင်းသမဂ္ဂရဲ့ (၇) ကြိမ်မြောက် ညီလာခံမှာ မေးမြန်းဆွေးနွေးခဲ့ဖူးပါတယ်။ အဲဒီ့ညီလာခံမှာ စာတမ်းတွေ တင်ကြပါတယ်၊ အသံလွှင့်သတင်းဌာနကြီးတစ်ခုက တာဝန်ရှိသူတစ်ဦးကလည်း စာတမ်းတစ်ခု တင်ပါတယ်။ သူ့စာတမ်းနာမည်တော့ မမှတ်မိတော့ပါဘူး၊ မှတ်မိသလောက် သူ့စာတမ်းရဲ့ အဓိကအကြောင်းအရာက စိတ်ဝင်စားစရာကောင်းပါတယ်။ သတင်းမီဒီယာတွေကနေ နိုင်ငံရေးကို လမ်းပြပေးဖို့ အကြောင်းပါ၊ အဲသလို လမ်းပြပေးခဲ့တဲ့အကြောင်းကို သမိုင်းအထောက်အထားတွေနဲ့ တင်ပြသွားတာ သဘောတူနိုင်တာ မတူနိုင်တာ ထား၊ စိတ်ဝင်စားစရာပါ။ အဲဒီ့စာတမ်းဖတ်ကြားသူ ပြောတဲ့အထဲမှာ သတင်းသမား ဘက်မလိုက်ရေးလည်း ပါ ပါတယ်။ သူ့စာတမ်းဖတ်ပြီးတော့ ဆွေးနွေးခန်းအချိန်ရောက်လာတဲ့အခါ ဆွေးနွေးဖြစ်ခဲ့တာလေး ရှိပါတယ်။ ဘာဆွေးနွေးခဲ့သလဲဆိုရင် သတင်းရေးတဲ့အခါပဲ ဖြစ်ဖြစ်၊ သတင်းလွှင့်တဲ့အခါပဲ ဖြစ်ဖြစ် ဘက်လိုက်မှုဆိုတာ ပါမသွားနိုင်ဘူးလား၊ ဥပမာ – စကားလုံး ရွေးချယ်သုံးနှုန်းပုံကိုပဲ ကြည့်ပါ။ သတင်းတပုဒ်မှာ ဖော်ပြရမယ့်စကားလုံးမှာ အစိုးရနဲ့ စစ်ဖြစ်နေတဲ့ လက်နက်ကိုင် အင်အားစုတွေကို သတင်းထဲမှာ ဘယ်လိုရေးမလဲ၊ တော်လှန်ရေးအင်အားစု၊ သောင်းကျန်းသူ စသဖြင့် ဘယ်လိုသုံးနှုန်းဖော်ပြမလဲ။ တော်လှန်ရေး အင်အားစုလို့ သုံးနှုန်းလိုက်ရင် အစိုးရနဲ့ စစ်မက်ဖြစ်နေတဲ့အင်အားစုကို လိုလားတဲ့သဘော၊ အစိုးရကို မလိုလားတဲ့ သဘော ပါနေပြီ၊ သောင်းကျန်းသူလို့ သုံးနှုန်းဖော်ပြလိုက်ရင် တိုက်ခိုက်နေသူတွေကို ဆန့်ကျင်ပြီး အစိုးရဘက်က ရပ်တည်ပြီး ပြောဆိုဖော်ပြတယ်ဆိုတာ ပေါ်လွင်နေပါတယ်။ အဲဒီ့တော့ သတင်းသမားတစ်ယောက်ဟာ ဘက်လိုက်မှုမရှိဘူးဆိုတာ ဖြစ်နိုင်ပါ့မလားလို့ ဆွေးနွေးခဲ့ပါတယ်။

အဲဒီ့အသံလွှင့်သတင်းမီဒီယာကြီးက စာတမ်းရှင်ပုဂ္ဂိုလ်ပြန်ဆွေးနွေးတာကတော့ ဟုတ်ပါတယ်၊ စကားလုံး ရွေးချယ်သုံးနှုန်းမှုမှာ သတင်းမီဒီယာသမားတွေအတွက် အခက်အခဲတွေ ရှိနေဆဲပါ၊ ဒါပေမဲ့ သူတို့အနေနဲ့ တတ်နိုင်သမျှ ကြားစကားလုံးတွေသုံးဖို့၊ ကြားစကားလုံးဆိုတာ ဘယ်ဘက်မှ

မလိုက်တဲ့ ကြားစကားလုံးတွေ ရွေးချယ်သုံးနှုန်းဖို့ အထူး သတိထားပါတယ်တဲ့။

အဲဒီအကြောင်းအရာနဲ့ပတ်သက်လို့ နိုင်ငံခြားသား သတင်းထောက်တယောက်နဲ့လည်း မေးကြည့်ဖူးပါတယ်၊ သူကလည်း သူတို့အနေနဲ့ ကြားစကားလုံးကို တတ်နိုင်သမျှ သုံးပါတယ်တဲ့၊ အစိုးရနဲ့ ဆန့်ကျင်ဘက်တိုက်ခိုက်နေတဲ့ အဖွဲ့ အစည်းတွေကို သုံးနှုန်းရင် revolutionary၊ insurgent၊ rebellion စသဖြင့်မသုံးဘဲ freedom fighter လို့ သုံးပါ တယ်တဲ့။

ဒီနေရာမှာ လေ့လာလို့ရတာကတော့ သတင်းမီဒီယာ သမားတွေဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ သတင်းမီဒီယာ အဖွဲ့အစည်းတစ်ခုအနေနဲ့ဖြစ်စေ ဘယ်ဘက်က ရပ်တည်မလဲ ဆိုတဲ့ ရပ်တည်မှုသဘော မလွဲမရှောင်သာ ရှိနေနိုင်ပေမယ့် အလုပ်ရဲ့သဘောသဘာဝကတော့ သတင်းဖြစ်သွားတဲ့ ဖြစ်ရပ် တွေကို ဘက်မလိုက်မိစေဘဲ၊ တတ်နိုင်သမျှ အဖြစ်မှန်ကို တိမ်းစောင်းသွားစေမယ့် တင်ပြမှုမျိုး မဖြစ်စေဘဲ၊ ဖြစ်ရပ် အတိုင်း ဖော်ပြတင်ပြရတဲ့ အလုပ်သဘာဝရှိတယ်ဆိုတာတော့ တွေ့ရပါတယ်။

နိုင်ငံရေးသမားနဲ့ သူ့အလုပ်သဘာဝ

ပြောတတ်ကြပါတယ်၊ နိုင်ငံရေးလုပ်မှာပေါ့ ဝါသနာ ပါတာကိုးတဲ့။

တကယ်တော့ နိုင်ငံရေးဆိုတာ ဝါသနာပါလို့ လုပ်တဲ့ အလုပ်မျိုးမဟုတ်ပါဘူး။ နိုင်ငံရေးလုပ်ဖြစ်လာတဲ့ အကြောင်း ခံတွေ အမျိုးမျိုးရှိကြမှာပါ။ အဲဒီထဲကမှ နိုင်ငံရေးလုပ်တယ် ဆိုတာ အများပြည်သူကောင်းကျိုး လုပ်တာပါပဲ။ နိုင်ငံရေး ဆိုတာ ပရဟိတအကြီးစားလို့ ပြောရင်ကို ပြောလို့ရမယ် ထင် ပါတယ်။ အများကောင်းကျိုး လုပ်တာကိုး၊ အတိအကျ ပြောရရင် အများကောင်းကျိုးကို ကိုယ်ကျိုးစွန့် အနစ်နာခံပြီး လုပ်ရတဲ့အလုပ်။ အမှန်ကတော့ နိုင်ငံရေး လုပ်တယ်ဆိုတာ အများအကျိုးလုပ်တာပါ၊ ပြည်သူ့အကျိုး လုပ်တာပါ။ ဝါသနာ ပါလို့ လုပ်တာမဟုတ်ဘဲ၊ အသိတရားအရ မနေနိုင်လို့ လုပ်ကြ ရတာပါ။ အခန့်မသင့်ရင် ထောင်ကျတန်းကျ အသက်ပါသေ နိုင်တဲ့ အလုပ်ကြီးက ဝါသနာပါချင်စရာ မကောင်းပါဘူး။ (နိုင်ငံရေးအလုပ် ခေါင်းစဉ်အောက်ကနေ ကိုယ်ကျိုးရှာ၊ ကိုယ်ကျိုးကြည့်ကြတာက ကိစ္စတစ်ခုပါ။)

နိုင်ငံရေးအလုပ်ဆိုတာလည်း သူ့သဘာဝနဲ့သူရှိတဲ့ အလုပ်တစ်မျိုးပါပဲ။ နိုင်ငံရေးအလုပ်သဘာဝမှာ ဘယ်အချက် အဓိကပါဝင်သလဲ။

နိုင်ငံရေး နဲ့ ဘက်

(ဘက်မလိုက်ရေး အယူအဆရှိတဲ့) သတင်းမီဒီယာ သမားက သတင်းတပုဒ် တင်ဆက်ဖို့ တတ်နိုင်သမျှ ဘက်မ လိုက်ရေး စဉ်းစားနေတဲ့အချိန်မှာ နိုင်ငံရေးသမားကတော့ တတ်နိုင်သမျှ ဘက်မလိုက်မိတာ မဖြစ်ရေး၊ ဘက်လိုက်ရေး သတိ အမြဲရှိနေရပါတယ်။ နိုင်ငံရေးဆိုတာကိုက ဘက်နဲ့လုပ်ရ တဲ့ အလုပ်သဘာဝမျိုးပါ။

ဘက်ဆိုတာလည်း သုံးဘက်၊ လေးဘက်၊ ငါးဘက် မရှိပါဘူး။ အမှတ်တရ ကိုးကားရရင် ဆရာ မောင်ချောနွယ်ရဲ့ ကဗျာထဲကအတိုင်း ဘဝမှာ လေးငါးခြောက်ခု မလိုပါဘူး၊ ရန်သူစစ်စစ်နဲ့ မိတ်ဆွေစစ်စစ် ၂ မျိုးပဲ လိုတယ် ဆိုသလိုပါပဲ။ ဘက်ဆိုတာလည်း သုံးလေးငါးဘက် မရှိပါဘူး၊ ၂ ဘက်တည်း ရှိတာပါ။ ဒီမိုကရေစီဘက်လား၊ ဒီမိုကရေစီ ဆန့်ကျင်တဲ့ ဘက်လား၊ ပြည်သူ့ဘက်လား၊ ပြည်သူကို ဖိနှိပ်တဲ့ဘက်လား၊ ၂ ဘက်ထဲပါ။

နိုင်ငံရေးသမားတယောက်ဟာ ဘက် ၂ ဘက်ရှိတဲ့ အထဲမှာ ဘယ်ဘက်လိုက်မလဲ ဆုံးဖြတ်ရပါတယ်။ သူ လိုက် တဲ့ဘက်ပေါ် မူတည်ပြီး၊ သူ့ရဲ့စဉ်းစားချက်တွေ၊ အမြင်တွေ၊ နိုင်ငံရေးသဘောထားတွေ၊ လုပ်ဆောင်ချက်တွေ ဖြစ်ပေါ် ပါတယ်။ နိုင်ငံရေးသမားတယောက်ရဲ့ အပြောအဆို၊ အပြု အမူ၊ လုပ်ဆောင်ချက်တွေအားလုံးနဲ့ ပတ်သက်ပြီး ပထမဆုံးနဲ့ အရေးကြီးဆုံး အကဲဖြတ်ကြည့်ရှုရမယ့် အချက်ကတော့ ဘယ်ဘက်ကရပ်ပြီး ပြောနေတာလဲ၊ ဘယ်ဘက်က ရပ်ပြီး ပြုမူနေတာလဲ၊ ဘယ်ဘက်ကရပ်ပြီး လုပ်ဆောင်နေတာလဲ ဆိုတာပါပဲ။

တကယ်တော့ ဒီမိုကရေစီဘက်၊ ပြည်သူ့ဘက်က ရပ် တည်သူတွေကိုသာ နိုင်ငံရေးသမားလို့ ခေါ်ကြတာပါ။ ဒီမို ကရေစီ ဆန့်ကျင်တဲ့ဘက်၊ ပြည်သူကိုဖိနှိပ်တဲ့ဘက်က ရပ် တည်သူတွေကိုတော့ နိုင်ငံရေးသမားလို့ မခေါ်ဘဲ နောက် တမျိုး ခေါ်ကြပါတယ်။

■ တင်အေး

(မေလ ၂၄ ရက်၊ ၂၀၁၇ ခုနှစ်၊ မိုးမခအွန်လိုင်း မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် ဆောင်းပါး။)

လူမှုလူ့အဖွဲ့အစည်း

■ ဇော်ဇော်ထွန်း ■

လူမှုလူ့အဖွဲ့အစည်း၊ လူထုအခြေပြုလူမှုအဖွဲ့အစည်း အရပ်ဖက်လူမှုအဖွဲ့အစည်း၊ အရပ်ဖက်လူ့အဖွဲ့အစည်း၊ လူထုလူတန်းစားအဖွဲ့အစည်း စသည်ဖြင့် မြန်မာလိုရေးသားပြောဆိုနေကြတဲ့ အင်္ဂလိပ်လို Civil Society ဝေါဟာရအသုံးအနှုန်းနဲ့ အယူအဆဟာ လူမှုရေးသိပ္ပံနယ်ပယ်မှာ နိုင်ငံသားပြည်သူတို့ရဲ့ နိုင်ငံရေးဘဝများနဲ့ပတ်သက်လို့ လေ့လာသုံးသပ်သူပညာရှင်တွေ၊ မူဝါဒရေးဆွဲသူတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူတွေ၊ လူမှုရေးလုပ်သားတွေ၊ စေတနာဝန်ထမ်းအဖွဲ့အစည်းတွေ၊ သတင်းစာနယ်ဇင်း လောကသားတွေ တင်ပြကြတဲ့အခါ မဖြစ်မနေသုံးရတဲ့ ဝေါဟာရ၊ ရည်ညွှန်းရတဲ့အယူအဆ၊ ကိုးကားရတဲ့ လူမှုရေးသိပ္ပံသဘောတရား ဖြစ်နေပါတယ်။ အသုံးပြုကြလွန်းလို့ ရည်ညွှန်းကိုးကားကြလွန်းလို့ လူအများရဲ့ပါးစပ်ဖျားမှာ ရေပန်းစားနေပြီး ပျိုတိုင်းကြိုက်တဲ့ နှင်းဆီလိုပါပဲ။

သေချာတာကတော့ လူမှုလူ့အဖွဲ့အစည်း Civil Society ရဲ့ သဘောတရားအယူအဆဟာ ကျယ်ပြန့်သလို အယူအဆရေးရာ မတူကွဲပြားမှုတွေလည်း အတော်ကိုများပါတယ်။ ထို့အတူ လူမှုအဖွဲ့အစည်းအသင်းအပင်းများ Civil Society Organizations-CSOs နဲ့ပတ်သက်လို့ အစိုးရတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ၊ နိုင်ငံရေးလှုပ်ရှားသူတွေထားရှိတဲ့ သဘောထားတွေကလည်း အမျိုးမျိုးအဖုံဖုံပါပဲ။ တချို့ကအဲ့ဒီလို အသင်းအပင်းများကို ဒီမိုကရေစီရေးအင်အားစုများအဖြစ် သတ်မှတ်ကြပေမယ့်၊ တချို့ကတော့ အထူးသဖြင့် အာဏာရှင်အစိုးရတွေနဲ့ ၄င်းတို့ရဲ့ အလိုတော်ရိတွေ၊ ၄င်းတို့ကို အားပေးထောက်ခံသူတွေကတော့ တည်ငြိမ်အေးချမ်းမှုကို ထိပါးနှောက်ယှက်သူတွေ၊ သူတို့ရဲ့အနာဂတ်အမြင်များ၊ မူဝါဒများ ဖော်ဆောင်ရေးမှာ ဆူးညောင့်ခလုတ်ကန်သင်းတွေအဖြစ် ရှုမြင်ကြပါတယ်။ ဒါ့အပြင် အချို့ အချို့သော သူများကတော့ သူတို့ရဲ့အကျိုးစီးပွားများအတွက် လူမှုလူ့အဖွဲ့အစည်း အသင်းအပင်းများ CSOs ၏ လှုပ်ရှားမှုများကို ကန့်သတ်တားမြစ်ရန်၊ ဝင်ရောက်ထိုးဖောက်ရန်၊ ဆွဲဆောင်သိမ်းသွင်းရန်၊ ထိန်းချုပ်ရန် ဒါမှမဟုတ် အသုံးချရန် နည်းအမျိုးမျိုးနဲ့ ကြိုးပမ်းအားထုတ်ကြတာလည်း ရှိပါသည်။ ဒါပေမဲ့ အဲဒီလို နိုင်ငံတော်အဖွဲ့အစည်း မဟုတ်တဲ့(non- state organizations)၊ အစိုးရနဲ့မသက်ဆိုင်တဲ့အဖွဲ့အစည်း(non- government organizations) စတဲ့ အသင်းအပင်းအဖွဲ့အစည်းများက ခေါင်းဆောင်တွေ အဖွဲ့ဝင်တွေနဲ့ လူထုလှုပ်ရှားမှုတွေမှာ ပါဝင်သူတွေကတော့ သူတို့ကိုယ်သူတို့ ဒါမှမဟုတ် သူတို့ရဲ့အဖွဲ့အစည်းတွေလှုပ်ရှားမှုတွေကို လူမှုလူ့အဖွဲ့အစည်းCivil Society ရဲ့ အစိတ်အပိုင်းအဖြစ် ခံယူကြတာကို တွေ့ရပါတယ်။

လူမှုလူ့အဖွဲ့အစည်းဆိုတာ အာဏာ၊ မညီမျှမှု၊ တိုက်ပွဲ၊ ပဋိပက္ခဖြစ်မှု၊ ပူးပေါင်းဆောင်ရွက်မှု စတဲ့ကိစ္စရပ်တွေရဲ့ နယ်ပယ်ဖြစ်ပြီး၊ နိုင်ငံရေးအမြင်၊ အကျိုးစီးပွား။ ရည်ရွယ်ချက်၊ အရင်းအမြစ်၊ စွမ်းရည်၊ နည်းနာတွေ အမျိုးမျိုးအဖုံဖုံ မတူကွဲပြားတဲ့ စေတနာဝန်ထမ်း အသင်းအစုအဖွဲ့များဟာ မြို့ပြမှာရော၊ ကျေးလက်တွေမှာသာမက တစ်ခါတစ်ရံ နိုင်ငံခြားတိုင်းပြည်တွေမှာပါ အခြေစိုက်ပြီး လွတ်လပ်စွာ ဒါမှမဟုတ် ကွန်ရက်များသဖွယ် ဆက်စပ်ကာ သက်ဆိုင်ရာအကျိုးစီးပွား တွေ၊ ရည်မှန်းချက်တွေအတွက် လှုပ်ရှားဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီလို အကျိုးစီးပွားတွေ၊ ရည်မှန်းချက်တွေ မျိုးစုံ ဖြစ်နေလျက် တစ်ခါတစ်ရံ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ပဋိပက္ခအသွင် ဆောင်နေကြတာတွေလည်း ရှိတတ်ပါတယ်။

လူမှုလူ့အဖွဲ့အစည်းရဲ့ အရေးပါမှုကို နိုင်ငံရေးအင်အားတစ်ရပ်အဖြစ် တစ်ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ ပေါ်လွင်ထင်ရှားလာတာကတော့ ၁၉၈၀ လွန်နှစ်များမှာ ဖြစ်ပါတယ်။ အဲဒီကာလတွေမှာ ကမ္ဘာလုံးဆိုင်ရာ ပထဝီနိုင်ငံရေးနဲ့ စီးပွားရေးမှာ အခြေခံကစလို့ အပြောင်းအလဲတွေ အကြီးအကျယ် ဖြစ်ပေါ်ခဲ့ပါတယ်။ အာဏာရှင်နိုင်ငံတွေ ကွန်မြူနစ်နိုင်ငံတွေကနေ ဒီမိုကရေစီနိုင်ငံရေးစနစ်ဆီသို့ အလုံးအရင်းနဲ့ အသွင်ကူးပြောင်းတဲ့ကာလလည်း ဖြစ်ပါတယ်။ ဟန်တင်တန်က ''ဒီမိုကရေစီ တတိယလှိုင်း'' လို့ အမည်တပ်ခဲ့တဲ့ အဲဒီကာလ အပြောင်းအလဲ၊ ဖူကူယားမားက ''သမိုင်းနိဂုံး'' ဆိုပြီး လစ်ဘရယ်ဒီမိုကရေစီ အောင်ပွဲအဖြစ် ကြွေးကြော်ခဲ့တဲ့ အဲဒီသမိုင်းဖြစ်စဉ်တွေအတွင်းမှာ လူမှုလူ့အဖွဲ့အစည်းတွေက အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့တယ်ဆိုပြီး အနောက်အုပ်စု နိုင်ငံရေးခေါင်းဆောင်တွေ၊ လစ်ဘရယ်ပညာရှင်တွေ၊ အဲဒီဖြစ်စဉ်တွေမှာ ကိုယ်တိုင်ကိုယ်ကျပါခဲ့သူတွေက အသိအမှတ်ပြု အမှတ်ပေးခဲ့ကြပါတယ်။ အဲဒီအချိန်ကစလို့ လူမှုလူ့အဖွဲ့အစည်းဆိုတာ အစဉ်အလာ စံနမူနာတစ်ရပ်လို ဖြစ်လာခဲ့ပါပြီ။ နိုင်ငံသားပြည်သူတွေရဲ့ ဘဝကို နိုင်ငံတော်ရဲ့ ဖိနှိပ်မှုကနေ လွတ်မြောက်စေနိုင်မယ့်၊ နိုင်ငံရေး စီးပွားရေး လွတ်လပ်မှုတွေ အပြည့်အဝဆောင်ကျဉ်းပေးနိုင်မယ့် အပေါင်းလက္ခဏာဆောင်မှုအဖြစ် မြင်လာကြပါတယ်။

ဒါဆိုရင် လူမှုလူ့အဖွဲ့အစည်းက ဒီမိုကရေစီနဲ့ ဘယ်လို

ဆက်စပ်နေလဲ။ နိုင်ငံရေးလွှတ်လပ်မှု အသွင်ပြောင်းခြင်း political Liberalization ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း democratic transitions တို့ကို လေ့လာတဲ့အခါ လူမှုလူ့အဖွဲ့အစည်းရဲ့ အပိုင်းကို ချန်လုပ်ထားခဲ့လို့မရပါဘူး။ ဒါ့အပြင် ဒီမိုကရေစီ ကျစ်လစ်ခိုင်မာဖို့ဆိုရင် လူမှုလူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရှင်သန်လာဖို့ လိုအပ်တယ်လို့ ပညာရှင်များက တင်ပြကြပါတယ်။ ဒါပေမဲ့ လူမှုလူ့အဖွဲ့အစည်းနဲ့ ဒီမိုကရေစီ ဆက်သွယ်မှုရှိနေရမယ်လို့တော့ တထစ်ချပြောလို့ မရပြန်ပါဘူး။ လူမှုလူ့အဖွဲ့အစည်းတွေက ဒီမိုကရေစီကို အားဖြစ်စေမယ့် အကျိုးသက်ရောက်မှုတွေ ဖြစ်စေနိုင်သလို၊ ဒီမိုကရေစီကို ဆန့်ကျင့်တဲ့ သက်ရောက်မှုတွေလည်း ဖြစ်စေတတ်တယ်လို့ ပြောကြပါတယ်။ လက်တွေ့မှာ ဘယ်လိုသက်ရောက်မှုတွေ ဖြစ်စေနိုင်သလဲဆိုတာက လူမှုလူ့အဖွဲ့အစည်း အသင်းအပင်းတွေအကြား အာဏာပြန့်နှံ့မှု၊ လူမှုလူ့အဖွဲ့အစည်း အသင်းအပင်းတွေ ခေါင်းဆောင်တွေနဲ့ နိုင်ငံရေးလူ့အဖွဲ့အစည်း Political society နဲ့ နိုင်ငံတော်ရဲ့အဖွဲ့အစည်းတွေ၊ ခေါင်းဆောင်တွေအကြားက ဗျူဟာမြောက် အဆက်အစပ်တွေ၊ နိုင်ငံတကာအနေအထားတွေအပေါ်မှာ တည်နေတယ်လို့ ဝါရှင်တန်အခြေစိုက် အရှေ့– အနောက် လေ့လာရေး သုတေသနဌာန ညွှန်ကြားရေးမှူး မူသီရာအလာဂတ်ပါ Muthiah Alagappa က သူတည်းဖြတ် ထုတ်ဝေတဲ့ 'အာရှ၏ လူမှုလူ့အဖွဲ့အစည်းနှင့် နိုင်ငံရေး အပြောင်းအလဲ' Civil Society and Political Change in Asia; Expanding and Contracting Democratic Space စာအုပ်မှာ ရေးသားတင်ပြထားပါတယ်။

ဆက်လက်ပြီး သူက လူမှုလူ့အဖွဲ့အစည်း အသင်းအပင်းတွေတိုင်းမှာ ဒီမိုကရေစီရေးအတွက် ဦးတည်ချက်တွေ၊ လုပ်ငန်းစဉ်တွေ မရှိကြပါဘူး။ ဒီမိုကရေစီရေးအတွက် အထောက်အကူဖြစ်စေတာလည်း မဟုတ်ပါဘူးလို့ ဆိုပါတယ်။ တချို့ဆိုရင် ရည်ရွယ်ချက်ရှိရှိနဲ့ကို ဒီမိုကရေစီ ဆန့်ကျင်ရေး လုပ်ကြတာတွေ၊ သူတို့ရဲ့လုပ်ရပ်တွေက ဒီမိုကရေစီရေးကို အနှောက်အယှက်ဖြစ်စေတာတွေတောင် ရှိကြတယ်လို့ ပညာရှင် မာ့ခ်ဝါရင်း Mark E. Warren နဲ့ ကိသ်ဝှစ်တင်တန် Keith Whittington တို့ကို ကိုးကားပြီး တင်ပြထားတာကို သတိပြုစရာအဖြစ် တွေ့ရပါတယ်။

မူသီရာအလာဂတ်ပါ ရဲ့ ရေးသားတင်ပြချက်မှာ လေ့လာစရာတစ်ချက်က ဒီမိုကရေစီရေးကို လှုံ့ဆော်စည်းရုံးနေတဲ့ လူမှုလူ့အဖွဲ့အစည်းအုပ်စုတွေအနေနဲ့ နိုင်ငံရေးလူ့အဖွဲ့အစည်း political society နဲ့ ဥပဒေပြုရေးအဆောက်အအုံ Legislature တွေနဲ့ ဆက်စပ်နိုင်ခဲ့ရင် သူတို့ရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေဟာ ပိုပြီးထိရောက်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို လူမှုလူ့အဖွဲ့အစည်းအုပ်စုတွေနဲ့ နိုင်ငံရေးလူ့အဖွဲ့အစည်းကြား မဟာမိတ်ဖွဲ့မှုဟာ အာဏာရှင်အစိုးရတွေကို ထိရောက်တဲ့စိန်ခေါ်မှု ဖြစ်လာလိမ့်မယ်လို့ လေ့လာမှတ်သားမိတာကို တင်ပြလိုက်ရပါတယ်။

■ ဇော်ဇော်ထွန်း

၇၄-၇၅-၇၆ အလုပ်သမား၊ ကျောင်းသားလှုပ်ရှားမှု ၄၃ နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနား



မဆလစစ်အာဏာရှင် ဆန့်ကျင်ရေး ၇၄–၇၅–၇၆ အလုပ်သမား၊ ကျောင်းသားလှုပ်ရှားမှု ၄၃ နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၇၊ ဇွန်လ ၆ ရက်နေ့ နံနက်ပိုင်းက တောင်ဥက္ကလာပ စိတ်တိုင်းကျ စားသောက်ဆိုင်၌ ကျင်းပခဲ့ပါသည်။ အခမ်းအနားသို့ ကျွန်းပြန် နိုင်ငံရေးအင်အားစု၊ ၇၄–၇၅–၇၆ နိုင်ငံရေးအင်အားစု၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂူဗိမာန်စောင့်ရှောက်ရေးအဖွဲ့၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ လူဘောင်သစ်လူငယ်၊ ဗကသများအဖွဲ့ချုပ်၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ ဆိုရှယ်ဒီမိုကရက်တစ်ညီညွတ်ရေးတပ်ဦး၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနား တက်ရောက်လာသူများက အမှတ်တရစကားများ ပြောကြားခဲ့ကြရာ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်ကလည်း ဂုဏ်ပြုအမှတ်တရစကား ပြောကြားခဲ့ပါသည်။ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ဂုဏ်ပြုသဝဏ်လွှာကို ပါတီအတွင်းရေးမှူး(၂) ဒေါ်နှင်းနှင်းမွေးက ဖတ်ကြားခဲ့ပါသည်။

သခင်ဗဟိန်းဈာပြည့်အခမ်းအနား ရန်ကုန်တွင်ကျင်းပ



သခင်ဗဟိန်း(၁၉၁၈–၂၀၁၇) နှစ်တစ်ရာပြည့် အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်၊ ကမာရွတ်မြို့နယ်၊ ယုဒဿန်ခန်းမတွင် ၂၇– ၆–၂၀၁၇ ရက် နေ့လည်မှ ညနေပိုင်းအထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် ရာပြည့်အခမ်းအနားကျင်းပရေး ကော်မတီ နာယကတစ်ဦးဖြစ်သည့် ဆရာဦးအံ့မောင်(မုံရွာ) ပေးပို့သည့် ဂုဏ်ပြုအမှတ်တရစာကို ဖတ်ကြားခဲ့ပါသည်။ ကိုကိုးကျွန်းပြန်ရဲဘော်ကြီး ဦးဖေအောင်၊ ဖက်ဆစ်တော်လှန်ရေးကာလ သခင်ဗဟိန်း၏ လုပ်ဖော်ကိုင်ဘက် ဟောင်း ဦးဝင်းနိုင်(ဖြူး)တို့က အမှတ်တရစကားများ ဂုဏ်ပြုပြောကြားခဲ့ကြပါသည်။ မြနန္ဒာစာအုပ်တိုက်က ပြုစုသည့် အမျိုးသားညီညွတ်ရေးဗိသုကာ သခင်ဗဟိန်း စာတမ်းကို ကိုကိုးကျွန်းပြန် ဦးကျော်စိုးက ဖတ်ကြားတင်သွင်းခဲ့ပြီးနောက် သခင်ဗဟိန်းသမိုင်းမှတ်တမ်းခွေကိုလည်း ပြသခဲ့ပါသည်။

ထို့နောက် နိုင်ငံရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကိုကျော်ကိုကို(SDUF)က ကျောင်းသားခေါင်းဆောင် ကိုဗဟိန်း၊ ဦးအောင်မိုးဇော်(ဥက္ကဋ္ဌ–လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ)က ဒို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်ဗဟိန်း၊ ဆရာခမ်းဝင်းက အမျိုးသားသွေးစည်းညီညွတ်ရေး ဗိသုကာ ရဲဘော်ဗဟိန်း ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးခဲ့ကြပါသည်။ အခမ်းအနားကျင်းပရေးကော်မတီကိုယ်စား ကျေးဇူးတင်စကားကို ဦးငွေလင်းက ပြောကြားပြီးနောက် အခမ်းအနားကို ရှုပ်သိမ်းခဲ့ပါသည်။ အဖွဲ့အစည်းအသီးသီးကပေးပို့သော ဂုဏ်ပြုသဝဏ်လွှာများကိုလည်း မှတ်တမ်းတင်ခဲ့ပါသည်။ အခမ်းအနားသို့ အင်အားစုအသီးသီးမှ တာဝန်ရှိသူများအပါအဝင် သခင်ဗဟိန်းကို ချစ်ခင်လေးစားသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြပါသည်။

Progressive Alliance ညီလာခံသို့ ပါတီဥက္ကဋ္ဌ တက်ရောက်



တိုးတက်သော မဟာမိတ်အဖွဲ့ (Progressive Alliance)က ဦးဆောင် ပြုလုပ်သည့် ''မျှတချမ်းသာယဉ်ကျေးသော ကမ္ဘာအတွက် လူမှုတရားမျှတရေးနှင့် အစဉ်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှု'' ခေါင်းစဉ်ဖြင့် ညီလာခံတစ်ရပ်ကို မွန်ဂိုလီးယား ပြည်သူ့ပါတီက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါသည်။ ညီလာခံကို ၂၀၁၇၊ မေလ ၂၅ ရက်နှင့် ၂၆ ရက်နေ့တို့တွင် မွန်ဂိုလီးယားနိုင်ငံမြို့တော်၊ အူလန်ဘာတာမြို့၊ ရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်သည် (Progressive Alliance)၏ ဦးဆောင်ကော်မတီဝင် တစ်ဦးအနေဖြင့် ညီလာခံ တက်ရောက်ခဲ့ပါသည်။ ထိုညီလာခံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တို့ကလည်း လေ့လာသူများအနေဖြင့် တက်ရောက်ခဲ့ကြပါသည်။ ညီလာခံသို့ ဩစတြေးလျ၊ ကော်စတာရီကာ၊ ဂျော်ဂျီယာ၊ ဂျာမဏီ၊ အင်ဒိုနီးရှား၊ အီရတ်၊ အစ္စရေး၊ မလေးရှား၊ မွန်ဂိုလီးယား၊ မော်ရိုကို၊ နီပေါ၊ နယ်သာလန်၊ ပါလက်စတိုင်း၊ ဖိလစ်ပိုင်၊ ဆွီဒင်၊ အရှေ့တီမော၊ ဗြိတိန်တို့မှ မဟာမိတ်အဖွဲ့ဝင် ပါတီများနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြပါသည်။

သခင်ဗဟိန်းနှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် အိုးဝေပညာဒါန ကျောင်းဖွင့်ပွဲ



သခင်ဗဟိန်း နှစ်တစ်ရာပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် အိုးဝေပညာဒါနကျောင်းဖွင့်ပွဲကို ၂၀၁၇ ဇွန်လ ၂၇ ရက်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အစရှိသည့် အဖွဲ့အစည်းများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ သခင်ဗဟိန်းကို ချစ်ခင်လေးစားကြသူများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီဝင် ဦးအောင်မြင့်စိန်က သခင်ဗဟိန်းအမှတ်တရ ဂုဏ်ပြုစကား ပြောကြားခဲ့ပါသည်။ ထို့နောက် ဂုဏ်ပြုကဗျာများ ရွတ်ဆိုပြီး ပေးပို့လာသော သဝဏ်လွှာများလည်း ဖတ်ကြားခဲ့ကြပါသည်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ပေးပို့သော သဝဏ်လွှာကို ရွှေတောင်မြို့နယ်ဥက္ကဋ္ဌ ဦးမိုးမင်းဦးက ဖတ်ကြားခဲ့ပါသည်။

အားလုံးပါဝင်သော မူဝါဒရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ



SocDem Asia ၏ စီစဉ်မှုဖြင့် အားလုံးပါဝင်သော မူဝါဒရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇၊ ဇွန်လ ၄ ရက်နှင့် ၅ ရက်နေ့တို့တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲသို့ SocDem Asia မှ တာဝန်ရှိသူများ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တို့မှ ခေါင်းဆောင်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ၏ အခင်းအကျင်းနှင့် အလားအလာများ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့်ကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးခဲ့ကြပါသည်။

ဂု ရက်ဇူလိုင် အခမ်းအနားကို YES သင်တန်းကျောင်းတွင် ကျင်းပ



ဂု၊ ဂု၊ ၂၀၁၇ နေ့က (၅၅)နှစ်မြောက် ဂု ရက်ဇူလိုင် အခမ်းအနားကို YES သင်တန်းကျောင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင်YES သင်တန်းကျောင်းမှ ကျောင်းသူ ကျောင်းသား၊ ဆရာဆရာမများ၊ ၁၉၇၄–၇၆ မျိုးဆက်ကျောင်းသား ခေါင်းဆောင်ဟောင်းကြီးများ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်များ၊ ဆိုရှယ်ဒီမိုကရက်တစ်တပ်ဦးခေါင်းဆောင်များ၊ လူ့ဘောင်သစ်လူငယ် YNS ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ လူ့ဘောင်သစ်လူငယ်ဥက္ကဋ္ဌ ကိုရဲအောင်အေးက အဖွင့်အမှာစကား ပြောကြားပြီး YES သင်တန်းသားများက အောင်ပွဲဆက်ဆက်ခံဦးမည် သီချင်းကို သီဆိုခဲ့သည်။ ကျောင်းသူ ကျောင်းသားများက ကဗျာများရွတ်ဆိုခဲ့ကာ ကိုမြတ်နိုးသူက ဂု ရက်ဇူလိုင် အရေးတော်ပုံစာတမ်းကိုဖတ်ကြားခဲ့သည်။ ထို့နောက် ၁၉၇၄ မျိုးဆက်တိုက်ပွဲဝင်ကျောင်းသားဟောင်းကြီး ဦးအောင်စောဦးနှင့် ဆိုရှယ်ဒီမိုကရက်တစ်တပ်ဦးခေါင်းဆောင် ကိုကျော်ကိုကိုတို့က ဂု ဇူလိုင် အရေးတော်ပုံနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့ကြပြီး ကျောင်းသူ ကျောင်းသားများ၏ မေးခွန်းများကို ဖြေကြားခဲ့ကြသည်။YES သင်တန်းသူ ဆိုင်းလုလုပန်က ကျေးဇူးတင်စကား ပြောကြားကာအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မြို့နယ်ရုံးခန်းဖွင့်လှစ်ခြင်း ၂ နှစ်ပြည့် အခမ်းအနားနှင့် ၇ ရက်ဇူလိုင် အခမ်းအနားကို ပူးတွဲကျင်းပ



၇၊ ၇၊ ၂၀၁၇ ရက်နေ့တွင် လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ ရွှေတောင်မြို့နယ်ရုံး၌ မြို့နယ်ရုံး ဖွင့်လှစ်ခြင်း ၂ နှစ်ပြည့်အခမ်းအနားနှင့် ၅၅ နှစ်မြောက် ၇ ရက်ဇူလိုင် အခမ်းအနားကို ပူးတွဲကျင်းပခဲ့ကြပါသည်။ အခမ်းအနားသို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဇြိမ်းချမ်းရေးကွန်ရက် (ပြည်ခရိုင်)၊ ဗကသများအဖွဲ့ချုပ်၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ အစရှိသည့် နိုင်ငံရေးအင်အားစုအသီးသီးနှင့် ပြည်ခရိုင်အတွင်းရှိ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင်များ တက်ရောက်ဂုဏ်ပြုခဲ့ကြပါသည်။

ဗဟိုစည်းရုံးရေးကော်မတီဝင် ဦးအောင်မြင့်စိန်အပါအဝင် အခမ်းအနားသို့ တက်ရောက်လာကြသည့် အင်အားစုအသီးသီး၏ တာဝန်ရှိသူများက အမှတ်တရစကားများ ပြောကြားခဲ့ကြပါသည်။ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီဌာနချုပ်မှ ပေးပို့သည့်သဝဏ်လွှာကို ပါတီဗဟိုစည်းရုံးရေးကော်မတီဝင် ဦးနိုင်လွင်ချိုက ဖတ်ကြားခဲ့ပြီးမြို့နယ်စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးမင်းဦးက ကျေးဇူးတင်စကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

၅၅ နှစ်မြောက် ၇ ရက်ဇူလိုင် အခမ်းအနားကို ရန်ကုန်တက္ကသိုလ် တကသမြက်ခင်းပြင်တွင် ကျင်းပ



၇၊ ၇၊ ၂၀၁၇ ရက်နေ့ နံနက် ၉း၃၀ နာရီတွင် ၅၅ နှစ်မြောက် ၇ ရက်ဇူလိုင် အခမ်းအနားကို ရန်ကုန်တက္ကသိုလ် တကသမြက်ခင်းပြင်ရှိ ဗိုလ်အောင်ကျော် အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ကျင်းပခဲ့ကြပါသည်။

ဗကသများအဖွဲ့ချုပ်၊ ပညာရေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ၊ ဆေးတက္ကသိုလ် ၂ ကျောင်းသားများသမဂ္ဂ၊ ရန်ကုန်တောင်ပိုင်းခရိုင် ကျောင်းသားများသမဂ္ဂ၊ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ လူဘောင်သစ်လူငယ်၊ ၎င်–၎၅–၎၆ နိုင်ငံရေးအင်အားစုများ အစရှိသည့် ကျောင်းသားမျိုးဆက်အသီးသီး၊ နိုင်ငံရေးအင်အားစုအသီးသီးတို့သည် ပြည်လမ်း၊ စိုက်ပျိုးရေးမှတ်တိုင်စုရပ်မှ တကသမြက်ခင်းပြင်အထိ လမ်းလျှောက်ချီတက်ကြပြီး မြက်ခင်းပြင်တွင် ဂုဏ်ပြုပွဲကို နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

အခမ်းအနား၌ ၎ ဇူလိုင်တွင် ကျဆုံးခဲ့သည့် ကျောင်းသားရဲဘော်များအား ဦးညွှတ်အလေးပြုပြီးနောက် ဗကသများအဖွဲ့ချုပ်၏ သဘောထားကြေညာချက်ကို ဖတ်ကြားခဲ့ပါသည်။ သမဂ္ဂအဆောက်အဦနှင့် ပတ်သတ်သည့် ဗကသများအဖွဲ့ချုပ်၏ သဘောထားကို ဗကသများအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဝင် ကိုအောင်ထက်အောင်က မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် လူဘောင်သစ်လူငယ်၊ ၎၄၊၎၅၊၎၅ နိုင်ငံရေးအင်အားစုများအပါအဝင် တက်ရောက်လာသောအဖွဲ့အစည်းများကလည်း သဝဏ်လွှာများ ပေးပို့ဂုဏ်ပြုခဲ့ကြပါသည်။